၃၉။ ဦးသိန်းစိုး (၆၉၆၀)၊ ဖြန့်ဖြူးရေးဝန်ထမ်း (ပထမ)၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်း၊ (အရှေ့ပိုင်း)၊ စွမ်းအင်ဝန်ကြီးဌာန။
၄၀။ ဦးနီတွတ်၊ အမှုတွဲထိန်းစာရေး၊ ငွေစာရင်းဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။
၄၁။ ဦးခင်မောင်ဇော် ဌာနစိတ်မှူး၊ ပို့ဆောင်ရေးဌာနစု၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ (ဖောင်ကြီး)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။
၄၂။ ဒုအရာခံဗိုလ် ဝင်းစိန်(၁၉၆၁၈)၊ တာဝန်ဌာနစု၊ (တာဝန်–၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဝန်ကြီးဌာန။
၄၃။ ဦးတင်လှ စာရေးဝန်ထမ်းအဆင့်(၂)၊ပြည်သူ့ဆေးရုံ၊သနပ်ပင်မြို့၊ကျန်းမာရေးဝန်ကြီးဌာန။
၄၄။ ဦးတင်သောင်း ဒုတိယဦးစီးမှူး၊ လုံခြုံရေးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။
၄၅။ ဦးလှအေး ဈေးရောင်း၊ အမှတ်(၅၂၇)၊ မင်းလမ်း၊ လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၄၆။ ဆရာတော် မွန်အရှင်မဟောသဓ၊ သာသနာ့ဝန်ထမ်း၊ ခရားအပြင်ကျောင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်။
၄၇။ ဦးလှမြင့် ကြက်ခြေနီဒုတိယတပ်ရင်းမှူး၊ အမှတ်(၈၀)တောလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၄၈။ ဦးခင်ရွှေ ကျွမ်းကျင်(၄)၊ စက်မှု၊ရန်ကုန်ဒီဇယ်စက်ခေါင်းပြင်စက်ရုံ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၄၉။ ဦးလှမြင့် စက်ခေါင်းမှူး(၂)၊ ဒီဇယ်စက်ခေါင်းပြင်စက်ရုံ၊ မလွှကုန်း၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၅၀။ ဦးမျိုးညွန့် ကျွမ်းကျင်(၅)၊ စက်မှု၊ ရန်ကုန်ဒီဇယ်စက်ခေါင်းပြင်စက်ရုံ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၅၁။ ဦးမောင်ကြီးသန် ဓာတ်ခွဲခန်းကျွမ်းကျင် (၁)၊ ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။
၅၂။ ဦးခင်မောင်ထွေး ဒု–ပုံဆွဲစာရေး၊ ဘူမိဗေဒဌာန၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။
၅၃။ ဦးဦးကြည် ဒုပစ္စည်းစစ်၊ ဗဟိုပစ္စည်းထိန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၅၄။ အရှင်ဂုဏဝံသာလင်္ကာရ (ပထမကြီး)၊ ကျောင်းတိုက် ဦးစီးပဓာနနာယကစာချဆရာတော်နှင့် ဗုဒ္ဓသာသနာပြု စူဠာမုနိပရိယတ္တိစာသင်တိုက်နယ်မြေ(၈)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
၅၅။ ဦးတင်မြင့် လျှပ်စစ်ကျွမ်းကျင်(၃)၊ မန္တလေးအမှတ်(၁)အရက်ချက်စက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၅၆။ ဦးမြသိန်း မီးသတ်တပ်ကြပ်၊ သစ်လုံးဌာနစိတ်၊ အမှတ်(၂) အထပ်သားစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန။
၅၇။ ဦးဝင်းမောင် လုပ်သားမှူး၊ လုံခြုံရေးဌာနစိတ်၊ အမှတ်(၂)အထပ်သားစက်ရုံ၊ လှိုင်မြို့နယ်၊ သစ်တောရေးရာဝန်ကြီးဌာန။
၅၈။ ဦးအုန်းလှိုင် လက်ထောက်ကြီးကြပ်(သစ်ခွဲစက်)၊ အမှတ်(၄)ပရိဘောဂစက်ရုံ၊ သုဝဏ္ဏ၊ သစ်တောရေးရာဝန်ကြီးဌာန။
၅၉။ ဦးမြင့်ကြည် ကျွမ်းကျင်လုပ်သား၊ သဘောတင်ဌာန၊ အမှတ်(၁)သစ်စက်၊ ကြည့်မြင်တိုင်၊ သစ်တောရေးရာဝန်ကြီးဌာန။
၆၀။ ဦးဝင်းငွေ အရောင်းအဝယ်၊ အကွက်(၂၀)၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၆၁။ ဦးဇော်မင်း ဈေးရောင်း၊ ဃ–၂/၃၈(က)၊ ၆၂လမ်းx ၆၄လမ်းကြား၊ သော်ကလမ်း၊ မြို့သစ်အမှတ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။
၆၂။ ကြည်း–၁၈၉၇၃၊ ဒုတိယဗိုလ်မှူးကြီးလှငွေ တပ်ရင်းမှူး၊ အမှတ်(၁၀) လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်ရင်း၊ ပုသိမ်မြို့၊ ကာကွယ်ရေးဝန်ကြီးဌာန။
၆၃။ ၄၄၁၂၆၄၊ အရာခံဗိုလ်/စာရေးကံညွန့် အမှတ်(၃) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်။)

● ကျောဖုံးမှ

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ အိန္ဒိယအစိုးရနှင့် အိန္ဒိယပြည်သူများ ကိုယ်စားလည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ အနာဂတ်ကာလတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ရန် ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ မြန်မာပြည်သူများကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်းဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်း အိန္ဒိယဝန်ကြီးချုပ် မစ္စတာမန်မိုဟန်ဆင်းက လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါကြောင်း၊ မြန်မာနှင့်အိန္ဒိယနှစ်နိုင်ငံအကြား ဆက်ဆံရေး တိုးတက်ခိုင်မာလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၀၄ ခုနှစ် အောက်တိုဘာလက ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီးရောက်ရှိခဲ့ခြင်းနှင့် အိန္ဒိယသမ္မတ မစ္စတာအေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်အနေဖြင့် ၂၀၀၆ ခုနှစ် မတ်လက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိခဲ့ခြင်းများက နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်တိုးတက်နေမှုကိုပြသနိုင်ခဲ့ပါကြောင်း၊ အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်နေမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာပြည်သူများကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာ၊ဗွီ၊ပူတင်မှသဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာနှင့်ရုရှား နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်နေမှုမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ ကြီးပွားတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ မီဟိုင်းယူ၊ဖရက်ဒ်ကော့ဗ်က လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ တွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါကြောင်း၊ မြန်မာနှင့် ရုရှားနှစ်နိုင်ငံတို့အနေဖြင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထူထောင်ပြီး နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်နှင့်တကွ မြန်မာပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းစေရန်နှင့် တိုးတက်အောင်မြင်မှုများရရှိစေရန် ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ၊ဗွီ၊လာဗ်ရော့ဗ်က အထက်ပါအတိုင်း သဝဏ်လွှာပေးပို့သည်။

ပြင်သစ်နိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြင်သစ်သမ္မတ နိုင်ငံ သမ္မတ မစ္စတာဂျက်ရှီရပ်ထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး နေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအား ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါကြောင်း၊ အနာဂတ်ကာလတွင် နှစ်နိုင်ငံအကြားဆက်ဆံရေး တိုးတက်ဖြစ်ထွန်းမှုများ ပိုမိုဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူများ တိုးတက်ကြီးပွားစေရန် ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒရာ ရာဂျာပက်ခ်စီထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး နေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ အပ်ပါကြောင်း၊ မြန်မာနှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အနာဂတ်ကာလတွင် ပိုမိုလုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး ပျော်ရွှင်ချမ်းမြေ့ကြစေရန် ဆုမွန် ကောင်းများ တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်း သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ်မာနာရာကာထံမှ သဝဏ်လွှာ ပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖြစ်ထွန်းမှုများ ဆက်လက်ရှင်သန်နေမည်ဟုယုံကြည်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာပြည်သူများ ရွှင်လန်းချမ်းမြေ့ကြစေရန် ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမန်ဂလာဆာမာရာဝီရာက အထက်ပါအတိုင်း သဝဏ်လွှာပေးပို့သည်။

ဩစတြီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဩစတြီးယား သမ္မတနိုင်ငံ သမ္မတ မစ္စတာဟိန့်ဇ်ဖစ်ရှာထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး နေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး ပျော်ရွှင် ချမ်းမြေ့ကြစေရန် ဆုမွန်ကောင်းများတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစုရာယုဒ်ချူလာနွန် ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ် ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံ ဂုဏ်ယူဝမ်းမြောက် ကြောင်း သဝဏ်လွှာပေးပို့အပ်ပါကြောင်း၊ မြန်မာနှင့်ထိုင်းနှစ်နိုင်ငံအကြား အပြန်အလှန် ဆက်ဆံရေးနှင့် နားလည်မှုများ တိုးတက်ဖြစ်ထွန်းနေမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး တိုးတက်ကြီးပွားစေရန် ဆုမွန်ကောင်းများတောင်းအပ် ပါကြောင်း ဖော်ပြထားသည်။

ဆက်လက်ဖော်ပြပါမည်။
(မြန်မာ့အလင်း)

တစ်မျိုးသားလုံးရဲ့တာဝန်

☆ သူ့ကျွန်အဖြစ်၊ နှံနစ်ခဲ့ရ
မွဲပြာကျသည့်၊ဘဝဆိုးညစ်
ဟိုတစ်ခေတ်က၊ မျိုးချစ်စိတ်သန်
ဇာတိမာန်နှင့်၊ မြန်မာဟူဘိ
ကမ္ဘာသိအောင်၊ သတ္တိနှင့်ဖွဲ့
"ရဲရဲနီမြန်း၊ သမိုင်းမှတ်တမ်း၏"
ဆောင်းချမ်းမြမြ၊ နှင်းလွှလွှတွင်
မြန်မာ့လွတ်လပ်ရေး၊ ဇန်နဝါရီလေးရက်
အရဏ်တက်ချိန်၊ စိန်မှန်ကင်းအစစ်
ထင်းအဖြစ်မခံ၊ အောင်လံလွှင့်တင်
ရာဇဝင်မော်ကွန်း၊ ကမ္ဘည်းထွန်းသည့်
ကျွန်းလက်ျာဗဟို၊ အောင်တေးဆိုခဲ့
ညီအစ်ကိုနောင်ရင်း၊ သွေးသားချင်းတွေ
"ပင်လုံမြေက၊ စ၍အရင်းတည်"...
ချစ်ကြည်စည်းလုံး၊ ခရီးဆုံးအောင်
ပြည်ထောင်စုကြီး၊ အစဉ်သွေးစည်းမည်
မိဋ္ဌာန်ရည်၍၊ ဒို့ပြည်လွတ်လပ်ရေး
အသက်သွေးချွေးတို့၊ ပေးဆပ်ရယူ
ပြည်သူတစ်ရပ်လုံး၊ ပျော်မဆုံးအောင်
အုန်းအုန်းခြိမ့်ညံ၊ အောင်ပွဲခံသော
"မြန်မာ့လွတ်လပ်ရေးနေ့" ဖြစ်ပေသည်။

☆ ခက်ခက်ခဲခဲ၊ အသက်နှင့်လဲ၍
ယနေ့မြန်မာပြည်၊ ဖြစ်တည်ရှင်သန်
သမိုင်းနောက်ခံကို၊ ပြန်လှန်စဉ်းစား
မေ့မထားဖို့လည်း လိုအပ်သည်။

☆ သွေးစည်းညီညွတ်၊ မြန်ပြည်လွတ်ဖို့
အထွတ်တမြတ်ထား၊ စုပေါင်းအားကို
ကြားလေသွေးမခံ၊ အဖျက်ရန်ဟူသမျှ
သတိရှိကြဖို့လည်း လိုအပ်သည်။

☆ လွတ်လပ်ရေးသည်၊ မြန်မာပြည်၏
ဥပဓိရုပ်၊ အခိုင်အမာထုတ်ပြ
အချုပ်အခြာ၊ ပြည့်အာဏာကို
မြန်မာပြည်သူ၊ များဗိုလ်လူတို့
တန်းတူညီမျှ၊ ပိုင်ဆိုင်ကြ၏
ကမ္ဘာ့အလယ်မှာ၊ ဂုဏ်သိက္ခာနှင့်
မြန်မာဟူသမျှ၊ ဂုဏ်ယူကြဖို့
အစလည်းကောင်း၊ အနှောင်းလည်းသေချာ
သိက္ခာလည်းရှိ၊ အမိမြန်မာပြည်
ကမ္ဘာတည်အောင်၊ ဒို့စွမ်းဆောင်လို့
"ညီနောင်စုဝေး၊ လွတ်လပ်ရေးကို"
အလေးအနက်ထား၊ထိန်းသိမ်းသွားဖို့
"တစ်မျိုးသားလုံးရဲ့၊ တာဝန်တည်း..."။ ။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုလျက် -

ဟသ်ာတမြင့်ငွေ

သဝဏ်လွှာဖတ်ကြား

ဇန်နဝါရီ ၄ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အထက(၁) အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေ ဖတ်ကြားစဉ်။

(ခရိုင် ပြန်/ဆက်)



5-1 (07) 1 3/25/1905, 7:11 PM

❒ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနား ကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမသို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်တို့နှင့်အတူ အခမ်းအနားသို့တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E Mr. Hul Phany အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ခင်ပွန်းနှင့် ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ခင်ပွန်းနှင့်ဇနီးများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးမှ ပြည်နယ်နှင့်တိုင်းဒေသ ညှိနှိုင်းရေးမှူးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့်ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ဧည့်ခံ ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၄ ရက်ကကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ် ဖတ်ကြားစဉ်။ (က-ပ)

အထက သင်္ကြာလ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၄

ပဲခူးတိုင်း ကဝမြို့နယ် အထက သင်္ကြာလတွင် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးမောင်စန်း (သင်္ကြာလ)ဖုန်း-၀၁-၂၄၇၈၈၆၊ ကိုမင်းအောင် (သင်္ကြာလ) ဖုန်း-၀၁-၂၄၇၁၉၈၊ ပန်းချီကိုကျော်စိုး (ရန်ကုန်) ဖုန်း-၀၉-၅၁၀၃၉၉၃၊ ဒေါ်မြင့်မြင့်စိန် (ရန်ကုန်) ဖုန်း-၀၁-၆၆၇၁၈၃၊၀၉-၅၀-၀၆၀၅၂၊ကိုခင်ကျော်ဝင်း (ရန်ကုန်) ဖုန်း-၀၁-၅၄၈၀၂၅၊ ကိုမျိုးလွင်(ခ) ကိုမျိုးသန်းဦး (ရန်ကုန်-ဒဂုံရေသန့်) ဖုန်း-၀၁-၅၃၄၇၇၇၊ ၀၁-၇၀၄၉၂၂နှင့် ကိုစိုးဦး (ပဲခူး) ဖုန်း-၀၅၂-၂၃၃၇၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၅-၁-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၁၀	၆။	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၈:၂၀	၇။	ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	English for Everyday Use.

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆:၅၅	၅။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၁၇:၁၀	၆။	မြန်မာစာမြန်မာစကား (အပိုင်း-၈)
၁၇:၂၀	၇။	**"ပေါင်ပေါ်ကျတဲ့မီး"** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၁၇:၃၀	၈။	နှောင်းခေတ် တေးပဒေသာ
၁၇:၄၅	၉။	စိန်ရတု အထိမ်းအမှတ် ပန်းပွဲတော် နွဲကြတူပျော်ပျော်
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၁၁)
၁၉:၄၅	၁၄။	အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု **"ပြည်သူ့အားမာန် ဆည်တမံ"**
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"** (အပိုင်း-၁)



(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့တွင် ဇန်နဝါရီ ၄ ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ဖတ်ကြားစဉ်။ (၂၅၉)

■ ကျောဖုံးမှ

ရှေးဦးစွာ နံနက် ၄နာရီ မိနစ်၂၀ တွင် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကိုကျင်းပရာ အလံတင် တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နံနက်၇နာရီတွင် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ဆက်လက်၍ ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ရောက်ရှိလာကာ စင်မြင့်ပေါ်၌ နေရာယူသည်။

အလေးပြု

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့ တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြု၍ သစ္စာလေးချက်ကိုရွတ်ဆိုသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော် အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးသည် မြို့တော်ခန်းမရှေ့ရင်ပြင်မှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ဖတ်ကြားစဉ်။

(သတင်းစဉ်)

ကွေ့မရွာ သမိုင်းဝင်တောင်းတိုင်းပြည့် ကမ္ဘာလုံးချမ်းသာ ရတနာပုံစေတီတော် မွမ်းမံတည်ဆောက်မှု ပြီးစီးခြင်းအထိမ်းအမှတ် ရေစက်ချအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၂)ရပ်ကွက်ရှိ ကွေ့မရွာ သမိုင်းဝင်တောင်းတိုင်းပြည့် ကမ္ဘာလုံးချမ်းသာရတနာပုံစေတီတော်ကြီးအား မွမ်းမံတည်ဆောက်မှုပြီးစီးခြင်း အလှူတော်မင်္ဂလာအထိမ်းအမှတ် အောင်ပွဲရေစက်ချအခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီက အဆိုပါစေတီတော်မြတ်ကြီးရင်ပြင်၌ကျင်းပရာ ပရိသတ်တို့က ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ပိဋကတ်တစ်ပုံဆောင် ဘဒ္ဒန္တဝါလာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသက ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါစေတီတော်မြတ်ကြီးအား ကွေ့မရွာ ရွာသူရွာသားများနှင့် သာသနာပြုဓမ္မမိတ်ဆွေများက စေတီတော်ကြီးနှင့် အရံစေတီများ၊ ရပ်တော်မူ၊ လျောင်းတော်မူ၊ ကျောက်ဆင်းတုရုပ်ပွားတော်များ၊ သာသနိက အဆောက်အအုံများကို မွမ်းမံပြင်ဆင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)က ဇန်နဝါရီ ၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက်၊ ရတနာလမ်းရှိ စွန်းလွန်းဂူ ဝိပဿနာကျောင်း၌ သံဃာတော်များကို ဆွမ်းကပ်လှူပြီး ရန်ကုန်ရောက် မြင်းခြံသူ မြင်းခြံသားထဲမှ အသက်၈၀နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့၍ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်သည်။

အသက်၈၀ ပြည့်ပြီး သူများ၊ ၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရသူများနှင့် အလှူငွေများကို ဒေါက်တာဦးဇေစိန် ဖုန်း-၅၀၃၂၇၀၊ ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးထိန်လင်း ဖုန်း-၆၉၉၅၀၉၊ ဦးကြည်မောင် ဖုန်း-၅၄၈၂၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သာယာမည် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

စစ်တွေမြို့ နော်မန်ကျောင်းနှင့် အထက(၂) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၄

စစ်တွေမြို့ နော်မန်ကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၄ရက်(တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဓမ္မဓေယျာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲတွင် စစ်တွေမြို့ပေါ်ရှိ ဆရာ ဆရာမကြီး ၃၆ဦးနှင့် အဝေးရောက် ဆရာ ဆရာမကြီး၂၁ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် ဒေါ်ခင်မာနု ဖုန်း-၀၁-၃၈၉၆၇၅နှင့် ၀၉၉၉ ၇၂၆၉၄၊ ဦးအောင်သိန်းလှ ဖုန်း-၀၄၃-၂၄၀၆၀(လိုင်းခွဲ-၂၀၄)၊ ဦးဘခင် ဖုန်း-၀၄၃-၂၃၅၀၀နှင့် ၀၄၃-၂၃၉၀၉၊ ဦးစောထွန်းအောင် ဖုန်း-၀၄၃-၂၃၃၂၊ ဦးတင်အောင်စိုးနှင့် ဒေါ်ခင်မာချို ဖုန်း-၀၄၃-၂၃၄၆၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ နတ်ချောင်းရပ်ကွက်၌ အားကစားပြိုင်

ရန်ကုန် ဇန်နဝါရီ ၄

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် နတ်ချောင်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်ကွက်ပြည်သူများက လမ်းတိုင်းတွင် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ အုန်းသီးလုပြိုင်ပွဲ၊ အပြေးပြိုင်ပွဲများကို နံနက်၇နာရီမှ စတင်ကာ ည၉နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

(၁၁၅)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စန္ဒိမာခန်းမတွင် ဇန်နဝါရီ၄ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်း ဖတ်ကြားစဉ်။

(၄၂၁)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို စမ်းချောင်းမြို့နယ် အထက(၄) ခန်းမတွင် ဇန်နဝါရီ၄ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သန်း ဖတ်ကြားစဉ်။

(၁၂၉)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၄ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန် ဖတ်ကြားစဉ်။

(၁၉၂)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်း ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ဝင်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတည်းဟူသော အမျိုးသားရေးဦးတည်ချက် လေးရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာကျင်းပသည့် ရန်ကုန်တိုင်း ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

အလံတင်

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အလံတင်တပ်စုက ဦးဆောင်၍နိုင်ငံတော်အလံကို လွှင့်တင်ကာ ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်တိုင်း အလံတင်အခမ်းအနားကို ကျင်းပသည်။

အလေးပြု

ယင်းနောက် ၂၀၀၇–ခုနှစ် (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်များကိုကိုယ်စားပြုသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများပါဝင်သော ပြည်သူလူထု စုစုပေါင်းအင်အား ၁၀၀၀၀ ကျော် ပါဝင်သော စစ်ကြောင်းအသီးသီးတို့သည် နံနက် ၆ နာရီတွင် စတင်၍ ပြည်သူ့ရင်ပြင်သို့ ဝင်ရောက် နေရာယူကြသည်။

တက်ရောက်

ထို့အတူအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဝန်ကြီးဌာန အသီးသီးတို့မှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ပညာရေးမှူးများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ တိုင်းရင်းသား တိုင်းရင်းသူများ စုစုပေါင်းအင်အား ၃၀၀ ကျော်တို့လည်း တက်ရောက်ကြသည်။

နေရာယူ

ထို့နောက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့က ပြည်သူ့လွှတ်တော်ဝင်းအတွင်းမှ ပြည်သူ့ရင်ပြင်သို့ ချီတက်၍ သတ်မှတ်ထားသည့်နေရာ၌ နေရာယူကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ဝင်း ရောက်ရှိလာကာ ပြည်သူ့ရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူသည်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြု၍ သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်း (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်ဝင်းက ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့် တီးဝိုင်းတပ်ဖွဲ့တို့သည် ပြည်သူ့ရင်ပြင်မှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် တက်ရောက်လာကြသည့် စစ်ကြောင်းအသီးသီးတို့သည်လည်း ပြည်သူ့ရင်ပြင်အတွင်းမှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုးအဘွားများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ပျော်ပွဲရွှင်ပွဲပြေးခုန်ကစားပွဲများကို ယနေ့နံနက် ၇ နာရီက နှင်းဆီကုန်း ဘိုးဘွားရိပ်သာဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အဘိုးအဘွားများ ပျော်ပွဲရွှင်ပွဲအားကစားပွဲကို အုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)နှင့်အဖွဲ့က ဖွင့်လှစ်ပေးသည်။ ပါဝင်ယှဉ်ပြိုင်ကြသည့် အဘိုးအဘွား ၆၇ ဦးတို့အား ရိပ်သာရှေ့မြက်ခင်းပြင်တွင် ဖယောင်းတိုင်မီးထွန်းလမ်းလျှောက်ပြိုင်ပွဲ၊ ပုတီးစေ့သီ၊ စာအုပ်ရွက်စသော မပင်ပန်းသော ကစားနည်းများဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ပါဝင် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ဆုရရှိသည့် အဘိုးအဘွားများအား အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)နှင့်အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)** ထို့နောက် နှမ်းမနဲ့၊လိမ္မော်သီးတို့ဖြင့်ဧည့်ခံကျွေးမွေးကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

သဝဏ်လွှာဖတ်ကြား

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်း ဖတ်ကြားစဉ်။

(က–ပ)

သဝဏ်လွှာဖတ်ကြား

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အလုံမြို့နယ်ခန်းမ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့် ဖတ်ကြားစဉ်။

(က–ပ)

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လွတ်လပ်ရေးနေ့ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက် ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။ (အောက်ပုံ)

ကြည့်ရှုအားပေး

ရှေးဦးစွာ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲများကိုကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးကြသည်။

ဂုဏ်ပြုစကားပြောကြား

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်း အနားကို ဆက်လက်ကျင်းပရာ ရန်ကုန် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ က သားကောင်း မိခင်နှင့်ကလေးပြိုင်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ဂုဏ်ပြု စကား ပြောကြားသည်။

ဆုချီးမြှင့်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက ကလေးပြိုင်ပွဲ(အသက် ၁ နှစ်မှ ၁နှစ် ၆လ)ဆု ရရှိကြသည့် ရင်သွေးငယ်များကို လည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သားကောင်း မိခင် ဆုရရှိကြသူများနှင့် ကလေးပြိုင်ပွဲ (၆လမှ ၁နှစ်)ဆုရရှိကြသည့် ရင်သွေး ငယ်များကို လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မေလတ် က ကလေးပြိုင်ပွဲ(မွေးစမှ၆လ) ဆုရရှိ ကြသည့် ရင်သွေးငယ်များကို လည်း ကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း စစ်ဌာန ချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်မေလတ်ထံ Gold Power Co.,Ltd.မှငွေကျပ်ငါးသောင်း နှင့် ကလေးအာဟာရ နို့မှုန့်များ၊ ကစား စရာနှင့်ပစ္စည်းများ လှူဒါန်းသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ယင်းနောက် ရန်ကုန်တိုင်း စစ် ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေး အေးသန်းနှင့်အဖွဲ့ဝင် ဒေါ်နန်းလုစီတို့က ပြိုင်ပွဲ၌ အမှတ်ပေးဒိုင်များအဖြစ် ဆောင် ရွက်ပေးခဲ့ကြသော ရန်ကုန်တိုင်း မိခင် နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျန်းမာ ရေးဝန်ထမ်းများအား အမှတ်တရဂုဏ်ပြု လက်ဆောင်များပေးအပ်ကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန် တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ သည် ရင်သွေးငယ်များအား ကစားစရာ များနှင့် ကလေးအသုံးအဆောင်ပစ္စည်း များ လိုက်လံပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်း မြို့နယ် ကမ္ဘာ့အေးဘုရားလမ်းအမှတ်၉၈နေ (ဦးရှိန်မြင့်)–သီဟသုဓမ္မသီရိ ဒေါ်ခင်သန်းမြင့် (ပပဝင်းရတနာ)၊ ဂုဏ်ရှိန်မြင့် မိသားစုက ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးငယ်စဉ်ကာလ သာမဏေဘဝက သီတင်းသုံးခဲ့သော မြင်းခြံမြို့ မင်းကျောင်းတိုက်၌ ဆန္ဒတော်ပြည့် ဘက်စုံတည်ဆောက်ရေးအဖွဲ့မှ ဆောက်လုပ်နေဆဲ ဆန္ဒတော်ပြည့် တိပိဋကဓမ္မပါလ နှစ်ထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းကို အကျိုးတော်ဆောင် နာယကဆရာတော် ဒီဃဘာဏက၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နန္ဒိယ ဆန္ဒတော်ပြည့် ဆရာတော်ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လိုအပ်သောကယ်ဆယ်ရေးပစ္စည်းများ ဖြည့်ဆည်းထားရှိ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့နိုင်ရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် ဒီဇင်ဘာ ၃၀ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်း ကျောင်းသို့ရောက်ရှိရာ ကျောင်းဧည့်ခန်းမ၌ ကျောင်းအုပ် ဒေါ်ရီမာတင်က ကျောင်း၏နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ ဝန်ထမ်း ဖွဲ့စည်းပုံတို့ကို ရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် မသန်စွမ်းသက်ငယ်သင်တန်း ကျောင်းရှိ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေများ၊ စာသင်ခန်းများနှင့်အဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး**(အောက်ပုံ)**ကျောင်းသား ကျောင်း သူလေးများ၏ စွမ်းဆောင်ရည်ပြသမှုများကို ကြည့်ရှုအားပေး ပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ဖြည့်ဆည်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပ မြို့နယ် စက်မှုဇုန် (၈)ရပ်ကွက် (၅)လမ်းရှိ ကယ်ဆယ်ရေး ဦးစီးဌာန ဗဟိုသိုလှောင်ရုံသို့ရောက်ရှိရာ ကယ်ဆယ်ရေး ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက ဗဟိုသိုလှောင်ရုံရှိ ကယ် ဆယ်ရေးပစ္စည်းများစနစ်တကျထားရှိရေး၊ အရေးပေါ်ကိစ္စရပ် များတွင် ကယ်ဆယ်ရေးပစ္စည်းများ စနစ်တကျ ထောက်ပံ့ ဖြန့်ဝေပေးနိုင်ရေး၊ ထောက်ပံ့ပေးမည့်ပစ္စည်း အမျိုးအစား များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကယ်ဆယ်ရေးကိစ္စ ရပ်များ အချိန်နှင့်တစ်ပြေးညီ ပစ္စည်းများ ထောက်ပံ့ပေး နိုင်ရေး၊ လိုအပ်သောကယ်ဆယ်ရေးပစ္စည်းများ ဖြည့်ဆည်း ထားရှိရေး ရှင်းလင်းမှာကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဘဏ်ချေးငွေ အပြည့်အဝ ကောက်ခံရရှိရေးဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုး ရေးဘဏ် ရန်ကုန်တိုင်းရှိ မြို့နယ်ဘဏ်ခွဲ ၁၂ခုမှ တောင်သူလယ်သမားများသို့ ထုတ်ချေးပေးခဲ့သော ၂၀၀၆ ခုနှစ် မိုးရာသီဘဏ်ချေးငွေကျပ် ၅၃၃၁ ဒသမ၄၂၂ သန်းကို အပြည့်အဝပြန်လည်ကောက်ခံရရှိရေးအတွက် ဆွေးနွေးမှာကြားခြင်း အခမ်းအနားကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) ပန်းဆိုးတန်းလမ်း၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းတက်ရောက်၍ အမှာစကား ပြောကြားသည်။

ဦးဆောင်ညွှန်ကြားရေးမှူးက ဆွေးနွေးမှာကြားရာတွင် ချေးငွေများ အပြည့် အဝ ပြန်လည်ကောက်ခံရရှိရေး ဘဏ်ခွဲအလိုက် အသားတင်အမြတ်ဝင်ငွေများ လျာထားချက်ထက်ကျော်လွန်စွာရရှိရေး၊ လယ်ယာ–၁၆ လက်တွန်းထွန်စက် ဝယ်ယူရန်ချေးငွေများကို လျာထားချက်ထက်ကျော်လွန်အောင်ထုတ်ချေးပေးနိုင် ရေးအတွက်ကြိုးပမ်းဆောင်ရွက်ရန်နှင့် တောင်သူလယ်သမားများ၏ လယ်ယာ ကုန်ထုတ်လုပ်မှုပိုမိုတိုးတက်မြင့်မားလာရေးအတွက် ဘဏ်လုပ်ငန်းများဖြင့် ပံ့ပိုး ဖြည့်ဆည်းပေးရေး ဆွေးနွေးမှာကြားသည်။ **(မြန်မာ့အလင်း)**

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး သက်ကြီးပူဇော်ပွဲ ပညာထူးချွန်ဆုပေးပွဲ ပညာရေး ထောက်ပံ့မှု၊ ငွေချီးမြှင့်ပေးအပ်ပွဲကို ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး၊ သိမ်တော်ကြီးဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

အသက် (၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ ၂၀၀၆ ခုနှစ် တက္ကသိုလ် ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီး များ၊ ဆရာကြီးဦးပု၊ ဆရာဦးချစ်ဆွေ၊ ဆရာမဒေါ်အေးကြည် ပညာသင်ထောက်ပံ့ ဆုအတွက် ဒိုက်ဦးမြို့အထကမှ ရွေးချယ်ခံရသူများ၊ နာယကကြီး ဦးဘစောနှင့် အမှုဆောင်များမှ ချီးမြှင့်သည့် ပညာရေးထောက်ပံ့မှုဆုအတွက် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဒိုက်ဦးမြို့နယ် တစ်နယ်လုံးမှ အောင်မြင်၍ ရွေးချယ်ခံ ရသူများစာရင်းကို နာယကဦးဘစော ဖုန်း–၆၈၀၇၂၃၊ ဦးမောင်မောင်ဌေး ဖုန်း– ၃၇၃၉၇၇၊ဥက္ကဋ္ဌ ဗိုလ်မှူးဘဝင်း (ငြိမ်း)ဖုန်း–၅၆၅၄၂၁၊ ၀၉ ၈၀၃၂၈၆၅၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း–၂၀၁၁၄၂၊ အတွင်းရေးမှူး ဦးတင်န ဖုန်း–၅၈၄၂၆၆၊ ဖုန်း– ၇၀၆၇၆၆တို့ထံ ဇန်နဝါရီ ၃၁ရက်နောက်ဆုံးထား ဆက်သွယ်၍ စာရင်းပေးပို့ရန်နှင့် ငွေများလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ကန်တော်ကြီးဒေသဥက္ကဋ္ဌဖလားနှင့် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားများကျင်းပ

တောင်ကြီး ဇန်နဝါရီ ၄

၂၀၀၆ ခုနှစ် ကန်တော်ကြီးဒေသ ဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့ဥက္ကဋ္ဌဖလားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီး မြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး မြို့နယ် ကျောက်တလုံးမြို့ နောင်ကား စံပြကျေးရွာတွင် ကျင်းပသည်။

အနိုင်ရဗိုလ်စွဲ

အလွတ်တန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကျောက်တလုံးကြီးအသင်းက ရန်ကင်း အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်လည်း ကောင်း၊ ကျေးရွာအုပ်စုပေါင်းစုံဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဟံချာအသင်းက ဖာမွန်း အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရဗိုလ်စွဲ သွားသည်။

ဆုပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့နှင့် ရှမ်းပြည်နယ် (တောင် ပိုင်း) ပြည်နယ်ဘောလုံး ဆပ်ကော်မတီ မှ တာဝန်ရှိသူများက ပြိုင်ပွဲတွင်တာဝန် ထမ်းဆောင်ခဲ့ကြသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့မှ ဒိုင်အဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ကန်တော်ကြီးဒေသဥက္ကဋ္ဌဖလား ကျေး ရွာအုပ်စုပေါင်းစုံ ပြိုင်ပွဲ၌ ပွဲစဉ်တစ် လျှောက်အကောင်းဆုံးဆုရရှိသူများ၊ ဒုတိယဆုရ ဖာမွန်းအသင်းအားဆုတံဆိပ် နှင့် ငွေသား သုံးသိန်းကိုလည်းကောင်း၊ ပထမဆုရဟံချာအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ် ချီးမြှင့်သည်။ ထို့နောက် တောင်ကြီး မြို့နယ် အားကစားမှူးက ပထမဆုရ ဟံချာ အသင်းအား ငွေသားကျပ် ငါးသိန်းကိုလည်းကောင်း၊ ကန်တော် ကြီးဒေသဥက္ကဋ္ဌ ဦးဆရာယွန်းက ပထမ ဆုရ ဟံချာအသင်းအား တံခွန်စိုက် ဆုဖလားကိုလည်းကောင်း ပေးအပ် ချီးမြှင့်သည်။

ထို့နောက် ပအိုဝ်းအမျိုးသားအဖွဲ့ ချုပ်နှင့် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ မှ တာဝန်ရှိသူများက ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့ဥက္ကဋ္ဌဖလားအလွတ်တန်း ပြိုင်ပွဲ၌ ပွဲစဉ်တစ်လျှောက် အကောင်း ဆုံးဆုရရှိသူများအား ဆုတံဆိပ်နှင့်ငွေ များကိုလည်းကောင်း၊ ဒုတိယဆုရ ရန်ကင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ ပထမဆုရကျောက်တလုံး ကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ် နှင့် ငွေကျပ် ရှစ်သိန်းကိုလည်းကောင်း ပေးအပ် ချီးမြှင့်သည်။ ၎င်းနောက် ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ပထမဆုရ ကျောက် တလုံးကြီးအသင်းအား ပထမတံခွန် စိုက် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

(ဝဲပုံ) (က–ပ)

ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မျှော်စင်ကျွန်း၌ ကျင်းပမည် လုံးချောနှင့် ရွှေဝါထွန်းတို့ တစ်ကျော့ပြန် ဆုံတွေ့ကြပြီ

သတင်းဆောင်းပါး – ကိုထွေး

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ T&T Group က တာဝန်ယူ ကျင်းပသည့် **"မျှော်စင်ကျွန်းမှ စိန်ခေါ်သံ"** မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်ကမ္ဘာ(မျှော်စင်ကျွန်း)၌ ဇန်နဝါရီ ၇ ရက် ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ငါးချီစိန်ခေါ်ပွဲ ခုနစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ရာ နာမည်ကြီး လက်ဝှေ့ကျော်များပါဝင်၍ ပွဲကောင်းများ ကြည့်ကြရမည်ဖြစ်သည်။ ပရိသတ်များကို အထူးဆွဲဆောင်မည့် ပွဲစဉ်မှာ ၂၀၀၆ ခုနှစ် ရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း)နှင့် ဆယ်စုနှစ်ချန်ပီယံ ရွှေဝါထွန်း(သထုံ) တို့၏ ပွဲပင်ဖြစ်သည်။

လုံးချော(ညောင်တုန်း)

မြန်မာပြည်၏ လက်ရှိ အလွတ်တန်း ရွှေခါးပတ် ချန်ပီယံ လုံးချောသည် အရပ် ၅ ပေ ၁၀ လက်မရှိပြီး သတ်လုံးသတ်ကွက်ကောင်း၍ ပရိသတ်အားပေးမှုကို ခံရသော လက်ဝှေ့ကျော်ဖြစ်သည်။ လုံးချောသည် ပြင်းထန်သော ဘယ်ညာ ခြေကန်ချက်များ၊ စူးရှထိရောက်သော လက်သီးတွဲလုံးများဖြင့် ပြိုင်ဘက်အား တိုက်စစ်ဆင် ထိုးသတ်လေ့ရှိသည်။ အထူးသဖြင့် ဗလာဒူး၊ ချုပ်ဒူးများဖြင့်

ချန်ပီယံသရဖူကို ကာကွယ်ရမည့် ၂၀၀၆ ခုနှစ် အလွတ်တန်း ရွှေခါးပတ်ချန်ပီယံ လက်ဝှေ့ကျော် လုံးချော(ညောင်တုန်း)။

ထိုးသတ်ဟန်မှာ လုံးချော၏ အမှတ်သင်္ကေတ (Style) ပင် ဖြစ်သည်။

ဂျပန်နိုင်ငံမှ ကျူးရှူးကျွန်း ကရာတေးချန်ပီယံ အီမာမူရာအား နာဂါစကီမြို့တွင် ပထမအချီ၌ပင် ဘယ်ဒူးဖြင့် ပွဲသိမ်းအနိုင်ယူခဲ့သည်။ ဂျပန်နိုင်ငံသို့ ဒုတိယအကြိမ် သွားရောက်ယှဉ်ပြိုင်ရာ တိုကျိုမြို့တွင် ကစ်ဘောက်ဆင် ချန်ပီယံ ဂျပန်ကရာတေးသမား အူချီအား တတိယအချီ၌ အလဲထိုးခဲ့သည်။

ချန်ပီယံဟောင်း ဝမ်ချိုင်းအား ပထမအကြိမ်၌ ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကြိမ်ဆုံတွေ့မှု၌ သရေကျခဲ့သည်။ တတိယအကြိမ်နှင့် စတုတ္ထအကြိမ်ဆုံတွေ့မှု၌ နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ ချန်ပီယံရွှေဆိုင်း(မြိုင်ကြီးငူ)နှင့် သုံးပွဲ ထိုးသတ်ခဲ့ရာ သုံးပွဲစလုံး လက်ရည်အသာဖြင့် ထိုးသတ်နိုင်သော်လည်း သရေပွဲဖြစ်ခဲ့သည်။ ၂၀၀၆ ခုနှစ် ရွှေခါးပတ် ချန်ပီယံလုပွဲတွင် ဂန္ထဝင်လက်ဝှေ့ကျော် ရွှေဝါထွန်း(သထုံ) အား အမှတ်ဖြင့်အနိုင်ရရှိခဲ့သည်။

ရွှေဝါထွန်း(သထုံ)

မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံဘွဲ့ရ ပြိုင်ဘက်ကင်း လက်ဝှေ့ကျော်အဖြစ် ဆယ်စုနှစ်တစ်ခုကျော် ထိန်းသိမ်းထားခဲ့သူ ရွှေဝါထွန်းသည် ယခုအချိန်ထိ လက်ဝှေ့ကြိုးဝိုင်းကို သံယောဇဉ် မပြတ်နိုင်သေးချေ။ နာမည်ကြီး လက်ဝှေ့ကျော် သမန်းကျား၏ ပတ်တံတောင်ကို ပါးနပ်စွာ ရှောင်တိမ်း ထိုးသတ်အနိုင်ယူခဲ့သော ရွှေဝါထွန်းသည် ဖခင်ဖြစ်သူ လက်ဝှေ့ကျော် ဦးဖြူကြီးထံမှ ရိုးရာလက်ဝှေ့ ပညာကို အပြည့်အဝ ရယူနိုင်ခဲ့သည်။

အသက်ကြီးသော်လည်း လက်သီးပြင်းဆဲ ရွှေဝါထွန်းသည် ရိုးရာလက်ဝှေ့ပညာကို ချစ်ခင်မြတ်နိုးသူဖြစ်၍ ယနေ့တိုင် လေ့ကျင့်မှုမပြတ်ဘဲ ရှိနေသည်။ ရွှေဝါထွန်းသည် လူငယ်များကို ကြိုးဝိုင်းအတွင်းမှနေ၍ လက်ဝှေ့ပညာ ဖြန့်ဝေလိုသော စေတနာဖြင့် ၂၀၀၄ ခုနှစ်တွင် ကြိုးဝိုင်းပေါ်သို့ တစ်ကျော့ပြန်တက်လာသူဖြစ်သည်။

မွေထိုင်းလက်ဝှေ့ကျော် အဖုန်းကို မြိုင်ကြီးငူပွဲ၌ တတိယအချီတွင် စင်ပေါ်မှ ဆင်းသွားစေခဲ့သည်။ ဝမ်ချိုင်းကို ကချင်ပြည်နယ် ဆိုင်းတောင်ပွဲတွင် သုံးချီနှင့်အကွဲထိုးခဲ့သည်။ ၂၀၀၆ ခုနှစ် ရွှေခါးပတ်ချန်ပီယံလုပွဲတွင် လုံးချောအား အမှတ်(၃–၂)ဖြင့် ကပ်၍ ရှုံးနိမ့်ခဲ့ခြင်းအပေါ် အားမလို အားမရဖြစ်ကာ နေ့စဉ် လေ့ကျင့်ရင်း ရှုံးကြွေး ဆပ်ရန် အခွင့်အရေးစောင့်နေခြင်းဖြစ်သည်။

အဖြေရှာ

လုံးချောနှင့် ရွှေဝါထွန်းတို့၏ တစ်ကျော့ပြန်ဆုံတွေ့မှုသည် နှစ်ဦးစလုံးအတွက် မေးခွန်းထုတ်စရာဖြစ်နေသည်။ တက်လူ လုံးချောနှင့် သမ္ဘာရင့် ရွှေဝါထွန်းတို့၏ မကြေပွဲမှာ မထင်မှတ်သည်များ ဖြစ်လာလေမလား စိတ်ဝင်စားစရာ ဖြစ်သည်။ ပထမအကြိမ် ချန်ပီယံသရဖူကာကွယ်ပွဲ၌ လက်ရှိချန်ပီယံလုံးချော အောင်မြင်စွာ ဖြတ်ကျော်နိုင်မည်လား၊ တက်လူလုံးချော၏ သက်လုံ၊ ခွန်အားနှင့် လျင်မြန်မှု

ပညာ၊ သမ္ဘာဖြင့် တစ်ကျော့ပြန် ချန်ပီယံဆု အတွက် ယှဉ်ပြိုင်ထိုးသတ်ရမည့် ဝါရင့်လက်ဝှေ့ ကျော် ရွှေဝါထွန်း(သထုံ)။

ကို ရွှေဝါထွန်းက ပညာ၊ သမ္ဘာဖြင့်ယှဉ်ပြိုင်၍ တစ်ကျော့ပြန် ချန်ပီယံဘွဲ့ခံယူနိုင်မည်လားဆိုသည်ကို မျှော်စင်ကျွန်း၌ အဖြေရှာရမည်ဖြစ်သည်။

နိုင်းဝမ်းလေး(မြို့တော်စည်ပင်)

လုံးချောနှင့် ရွှေဝါထွန်းတို့၏ ပွဲကဲ့သို့ပင် ပရိသတ် အကြိုက်တွေ့မည့် ပွဲကောင်းတစ်ပွဲမှာ ၂၀၀၀ ပြည့်နှစ် ရွှေခါးပတ်ချန်ပီယံ နိုင်းဝမ်းလေး(မြို့တော်စည်ပင်)နှင့် စောဗွဲလေး(ထားဝယ်) တို့၏ပွဲပင်ဖြစ်သည်။ နိုင်းဝမ်းလေး က အသက် ၂၆ နှစ်၊ အရပ် ၅ ပေ ၄ လက်မခွဲ၊ ကိုယ်အလေးချိန် ပေါင် ၁၃၀ ဖြစ်သည်။ ဦးဝမ်းနိုင်းနှင့် ဦးမင်းဦးတို့၏ တပည့်ရင်းဖြစ်ပြီး လက်ဝှေ့ပွဲပေါင်း ၄၀ ကျော် ထိုးသတ်ခဲ့ဖူးသည်။

နိုင်းဝမ်းလေးသည် ကြယ်တစ်ပွင့်နှင့် သရေကျပြီး အေးဗိုစိန်ကို ရှုံးခဲ့ဖူးသည်။ ၂၀၀၀ ပြည့်နှစ်၌ ရွှေခါးပတ် ချန်ပီယံဆုရရှိပြီး ၂၀၀၄ ခုနှစ်၌ မြန်မာ–ဂျပန်မြန်မာ့ ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် ဂျပန်မှ တာကာဟာရ ယာမာမိုတိုကို ပထမအချီ၌ အလဲထိုး အနိုင်ယူခဲ့သည်။

စောဗွဲလေး(ထားဝယ်)

စောဗွဲလေး(ထားဝယ်)သည် အသက် ၂၁ နှစ်၊ အရပ် ၅ ပေ ၄ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၄၀ ဖြစ်သည်။ ဦးစိန်မြင့်၏ တပည့်တစ်ဦးဖြစ်ပြီး ဒေါင်းစကြာ၊ ကျားသစ်လေး၊ စောသဲဝေ၊ ဝမ်းစတား၊ စောဝီလျံသိန်း၊ ဘားအံဇာတ်လိုက်၊ ရန်ကြီးအောင်တို့နှင့် ထိုးသတ်ခဲ့ဖူးသည်။ ဂျပန်နိုင်ငံ နာဂါစကီမြို့၌ ဂျပန်လက်ဝှေ့ကျော် ဝါကာဆူကီနှင့် ငါးချီလက်ရည်တူထိုးကာ သရေကျခဲ့သည်။ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဂျပန်လက်ဝှေ့ကျော် ဆာတိုအား ပထမအချီ၌ အလဲထိုး အနိုင်ယူခဲ့သည်။

လက်သီးပြင်းသော နိုင်းဝမ်းလေးနှင့် အသည်းမာဖွဲ့ပါသော စောဗွဲလေးတို့၏ပွဲမှာ လက်ရည်မျှ၍ ကြည့်ကောင်းမည် ဖြစ်သည်။

ပွဲကောင်းများ

ငါးချီ စိန်ခေါ်ပွဲများဖြစ်ကြသည့် ကျော်ဆန်း (မြောင်းမြ) နှင့် မောရှည်(အလင်းရောင်)၊ ဟိန်းညီညီ (အလင်းရောင်)နှင့် ရွှေဖလား (K.L.N)၊ မိုးသီး (မြန်မာပြည်သား)နှင့် ဒေါနရွှေလက်ရာ)၊ စောသဲမင်း(K.L.N) နှင့် ဇလပ်ဖြူ (မြန်မာပြည်သား)၊ မိုးကြိုး (K.L.N)နှင့် သုဝဏ္ဏမောင်(သထုံ)တို့၏ ပွဲစဉ်များကလည်း သူနိုင် ကိုယ်နိုင် အပြိုင်ကြဲကြရမည့် ပွဲကောင်းများ ဖြစ်ကြသည်။

ဝယ်ယူနိုင်

"မျှော်စင်ကျွန်းမှ စိန်ခေါ်သံ" မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲအတွက် လက်မှတ်များကို ငွေကျပ် ၄၀၀၀ သတ်မှတ်ထားပြီး T & T Group ဖုန်း–၀၉၅၀၀၄၇၃၈ နှင့် ဇော်ပစ်တိုင်းထောင်ဗီဒီယို အမှတ် ၁၇၄ (မြေညီထပ်) ၃၅ လမ်း (အလယ်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၈၇၆၅၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၄ ရက် နံနက်က (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲကို ရန်ကုန်မြို့ အင်းလျားကန်တွင် ကျင်းပစဉ်။ (မြန်မာ့အလင်း)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်ရွက်လှေအသင်းတွင် Optimist "Dinghy" Association of Myanmar (ODAM)က ကျင်းပသည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီခွဲက အင်းလျားကန်ရှိ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်တွင်ကျင်းပရာအသက် ၇ နှစ်မှ ၁၅ နှစ်အတွင်း လူငယ်မောင်မယ် ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ချီးမြှင့်

လူသစ်တန်း(ခ)ပြိုင်ပွဲတွင် ပထမ ယဉ်မေဝင်း၊ ဒုတိယ စည်သူထွန်းဦး၊ တတိယ သီလ၊ စတုတ္ထ ရဲလင်းထက်နှင့် ပဉ္စမ ဖီးလစ်တို့ရရှိရာ ဆုများကို အသင်း၏နာယက မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ပေးအပ်ချီးမြှင့်သည်။

လူသစ်တန်း(က)

လူသစ်တန်း(က)ပြိုင်ပွဲတွင် ပထမ သီရိရဲဝင်း၊ ဒုတိယ ဝေပွင့်ဝါဖိုလ်၊ တတိယ မိုးခန့်သာဒင်လှမြင့်၊ စတုတ္ထ သူရိန်ထွန်းဦး၊ ပဉ္စမ စလင်း(Salween) တို့ရရှိရာ ဆုများကို ရန်ကုန်ရွက်လှေ အသင်း၏ Past Commodore ဦးခင်မောင်သွင်က ချီးမြှင့်ပေးအပ်သည်။

ဆုချီးမြှင့်

Optimist A Class ပြိုင်ပွဲတွင် ပထမ ဖြိုးအောင်စ၊ ဒုတိယ ဂျွန်နီကောင်းကောင်း၊ တတိယ မင်းခန့်ပြုံးသွင် ယင်းဆုများကို ODAM ဥက္ကဋ္ဌ ဦးအောင်ခင်က ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

မုံရွာတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ မုံရွာဂေါက်ကလပ်၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ မုံရွာတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ (Monywa Open Golf Championship 2007) ကို ဇန်နဝါရီ ၉ ရက် မှ ၁၂ ရက်အထိ စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မုံရွာဂေါက်ကလပ်၌ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် Professional Golfer's အဆင့်ပြိုင်ပွဲနှင့် အမျိုးသား အပျော်တမ်း (အကျော့ပေး ၀ မှ ၁၂) အဆင့်ဟူ၍ ခွဲခြားကျင်းပမည် ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် Honda Myanmar Co., က အဓိက ကူညီပံ့ပိုးမည်ဖြစ်ပြီး Co-Sponsors များ အဖြစ် ရွှေမိုးသာကုမ္ပဏီ၊ ကုန်သည်ကြီးများအသင်း (မုံရွာ)နှင့် Srixon တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြမည်ဖြစ်သည်။

အမည်စာရင်းပေးသွင်း

ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက် အားကစားသမားများသည် ဖုန်း ၀၇၁–၂၁၅၅၀ သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးမြို့နယ် ဘဏ္ဍာကုန်းကျေးရွာ၌ လုယက်မှုတရားခံလေးဦး နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၄

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘဏ္ဍာကုန်းကျေးရွာ၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် လုယက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး နာရီပိုင်းအတွင်း ပဲခူးမြို့ အမှတ်(၃) ရဲစခန်းက တရားခံ လေးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ

အမှုဖြစ်စဉ်မှာ ပဲခူးမြို့ ဘဏ္ဍာကုန်းကျေးရွာနေ သဲရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဦးဝင်းညွန့်သည် မိသားစုနှင့်အတူ အိပ်နေစဉ် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁ နာရီခွဲခန့်တွင် နေအိမ်ပေါ်သို့ လူလေးဦး တက်လာပြီး ပစ္စည်းများလုယက်ရန် ကြိုးစားကြကြောင်း၊ ဦးဝင်းညွန့်တို့မိသားစု နိုးလာပြီး ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီ တောင်းခံခဲ့ရာ လုယက်သူများက ဓားဖြင့် ထိုးခဲ့သဖြင့် ဦးဝင်းညွန့်နှင့် ဇနီး ဒေါ်မာမာဝင်းတို့ ဓားဒဏ်ရာ အသီးသီး ရရှိခဲ့ကြောင်း၊ ၎င်းတို့၏ အော်ဟစ်အကူအညီတောင်းခံမှုကြောင့် ပတ်ဝန်းကျင်ရှိ တာဝန်သိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးကြသဖြင့် လုယက်သူ လေးဦးအနက် လှည်းကူးမြို့နယ် ကျောက်အိုင်ကြီး ကျေးရွာနေ ကျပန်းလုပ်ကိုင်သူ စိန်ဟန်(၅၆)နှစ်အား ဖမ်းဆီးရမိခဲ့ကြောင်း ၊တရားခံ စိန်ဟန် အား စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၃ နာရီတွင် ပဲခူးမြို့ ကျွန်းကလေးရွာနေ ခြံလုပ်သား မောင်ထွေး(ခ) နိုင်မင်း(၂၄)နှစ်၊ ခြံလုပ်သား သောင်းကျော်(ခ)အညာသား (၃၂)နှစ်နှင့် ကျပန်းလုပ်ကိုင်သူ မြသန်း(၂၅)နှစ်တို့ သုံးဦး အား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အရေးယူ

ဓားဒဏ်ရာရရှိခဲ့သည့် ဦးဝင်းညွန့်နှင့် ဇနီး ဒေါ်မာမာဝင်း တို့အား ပဲခူးမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသ ပေးလျက်ရှိပြီး ပြစ်မှုကျူးလွန်သူ တရားခံလေးဦးအား ပဲခူးမြို့နယ် အမှတ်(၃)ရဲစခန်းက ပြစ်မှုဆိုင်ရာပုဒ်မ ၄၅၉/ ၄၆၈/၃၉၄ တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ နှစ်သီးစားမှသုံးသီးစားအထိ စိုက်ပျိုးနိုင်အောင်ကြိုးပမ်း ဒေသနှင့်ကိုက်ညီသည့် သစ်ဆိမ့်၊ ငရုတ်ကောင်းနှင့် ကြက်ဆူပင်များ တစ်အုပ်တစ်မစိုက်ပျိုး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တောင်းတံတား (မုပ္ပလင်)ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇန်နဝါရီ ၁ ရက် နံနက် ၆ နာရီက နေပြည်တော်မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးမြို့မှ တစ်ဆင့် ဝေါမြို့သို့ မွန်းလွဲပိုင်းတွင်ရောက်ရှိကာ မြို့နယ်ခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

လက်တွဲဆောင်ရွက်

ရှေးဦးစွာ ဝေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နုက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်နိုင်ငံတော် အနေဖြင့် စားနပ်ရိက္ခာ ဖူလုံစေရန်သာမက ပိုလျှံစေရန် ရည်ရွယ်၍ စိုက်ဧကများတိုးချဲ့ခြင်း၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက်နည်းပေးလမ်းပြကူညီခြင်း၊ စိုက်ပျိုးရေးရရှိအောင် ဆည်များတည်ဆောက်ပေးခြင်း စသည့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရန် ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်းအနေဖြင့် သုံးနှစ်အတွင်း မိုးစပါး စိုက်ဧကသိန်း ၃၀ စိုက်ပျိုးနိုင်ရန် စီမံချက် ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါး စိုက်ဧကသိန်း၃၀ စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နွေစပါးကိုလည်း ယခုနှစ်တွင် ယခင်နှစ်ကထက် ဧကတစ်သိန်းတိုးပြီး ဧကလေးသိန်းကျော်အထိ တိုးတက်စိုက်ပျိုးရန်လျာထားရာ ဝေါမြို့နယ်အနေဖြင့် တိုင်း၏ လျာထားချက် ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပဲခူးတိုင်း၌ ရှိပြီးဖြစ်သော မြေသယံဇာတများကို အကျိုးရှိစွာအသုံးချစိုက်ပျိုးနိုင်ရန် စစ်တောင်းမြစ်ဝှမ်းနှင့် မြစ်မခမြစ်ဝှမ်းတွင် ရေလွှမ်းမှုကာကွယ်ရေး၊ စိုက်ပျိုးမြေဖော်ထုတ်ရေးအစီအမံများကို နိုင်ငံတော်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံတို့ကို နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးနိုင်အောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း၊ ထို့အပြင် ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်ပင်ဖြစ်သော သစ်ဆိမ့်ပင်၊ ငရုတ်ကောင်းနှင့် ဓိဝဒီဇယ်လောင်စာ ဆီထုတ်ယူနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မစိုက်ပျိုးကြရန်လိုကြောင်း၊ မွေးမြူရေးတွင်လည်း ဒေသကြက်ကို ဖိဖိစီးစီးဖြင့် မွေးမြူကြရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများအနေဖြင့် မြို့နယ်အကျိုး၊ ပြည်သူ့အကျိုးကို တာဝန်သိသိ၊ စေတနာရှိရှိ ဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများနှင့် လက်တွဲဆောင်ရွက်ကြရန်လိုကြောင်းဖြင့်ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စစ်တောင်းတံတား (မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးကျော်လင်းက တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး တံတားတည်ဆောက်ရေး အချောသတ်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မကြာမီဖွင့်လှစ်မည်

အဆိုပါတံတားမှာ အရှည် ၂၃၉၂ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ခွင့်ပြုယာဉ် အလေးချိန်မှာ တန် ၆၀ ဖြစ်သည်၊ စစ်တောင်းတံတား (မုပ္ပလင်)ကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၂၆ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီး မကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်းမိုင်တိုင်အမှတ်(၈၄/၃)ရှိစစ်တောင်း(ဆတ်သွားကုန်း)-ဒိုက်ဦး ရထားဖြတ်လမ်းသစ်နှင့် ရန်ကုန်-ပဲခူး-မော်လမြိုင် ရထားလမ်းတို့၏ လမ်းခွဲဖြစ်သည့် ဆတ်သွားကုန်းဘူတာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဘူတာတည်ဆောက်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်-ပဲခူး-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ် (၈၁/၄)သို့ ရောက်ရှိပြီး ယင်းမှတစ်ဆင့် ညောင်ခါးရှည်-ဒိုက်ဦး ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာ၍ ဆတ်သွားကုန်းဘူတာနှင့်ဖက္ကလိပ်ဘူတာကြား ရထားသံလမ်းခင်းမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

သတ်မှတ်ကာလ

ယင်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ်(၅/၂)ရှိ စစ်တောင်း-ဒိုက်ဦး ရထားလမ်းသစ် ဖောက်လုပ်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးတို့က ရထားလမ်းသစ် ဖောက်လုပ် ပြီးစီးမှုနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီသတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားသည်။

အထောက်အကူပြု

အဆိုပါ ရထားလမ်းသစ်သည် ပဲခူး-မော်လမြိုင် ရထားလမ်းပေါ်ရှိ စစ်တောင်းတံတားအနီး ဆတ်သွားကုန်းဘူတာမှ ခွဲ၍ ပဲခူးမြို့သို့ဝင်ရောက်ခြင်းမရှိဘဲ ရန်ကုန်-မန္တလေးလမ်းရှိ ဒိုက်ဦးမြို့သို့ ဖြတ်လမ်းမှ ဆက်သွယ်ပေးမည့် ရထားလမ်းသစ်ဖြစ်ပြီး ခရီးမိုင် ၄၀ လျော့နည်းသွားမည်ဖြစ်သည်။ စစ်တောင်း(ဆတ်သွားကုန်း)-ဒိုက်ဦး ရထားလမ်းသစ် ဖောက်လုပ်ပေးခြင်းဖြင့် ခရီးသွားပြည်သူများ မော်လမြိုင်မှ နေပြည်တော်နှင့် မန္တလေးသို့ သွားရာတွင် ပဲခူးမြို့သို့ ဝင်ရောက်ခြင်းမရှိဘဲ ၎င်းဖြတ်လမ်းကို အသုံးပြုပြီးသွားပါက ခရီးမိုင် ၄၀ လျော့နည်းသွားမည်ဖြစ်၍ အချိန်တိုတိုဖြင့် ခရီးသွားလာနိုင်မည် ဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးရေးကိုလည်း များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အား ပဲခူးတိုင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ အင်ဂျင်နီယာဦးဝင်းမောင်က ဒိုက်ဦး-ညောင်ခါးရှည်လမ်း မြေသားတာတမံမြှင့်တင်မှု၊ ဂဝံ ခင်းပြီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကိုညှိနှိုင်းဆောင်ရွက်ပေးသည်။

ခရီးမိုင်လျော့နည်း

အဆိုပါ ဒိုက်ဦး-ညောင်ခါးရှည် ကားလမ်း ဖောက်လုပ်ခြင်းကြောင့် ရန်ကုန်-မော်လမြိုင်လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းကို ဆက်သွယ်သွားလာရာတွင် ဘုရားကြီးလမ်းဆုံကို ပတ်၍ သွားလာခြင်းထက် ခရီးမိုင် ၂၄မိုင် လျော့နည်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဖောက်လုပ်ဆဲ ရထားလမ်းသစ်ပေါ်ရှိ စစ်တောင်းတူးမြောင်းတံတား တည်ဆောက်မှုလုပ်ငန်းခွင်ကိုကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဒိုက်ဦး-ညောင်ခါးရှည် ကားလမ်းတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသည့် မတ်ပဲနှင့် ပဲတီစိမ်း စိုက်ခင်းများကို စစ်ဆေးကြည့်ရှုပြီး ရွှေကျင်မြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့်အဖွဲ့ဝင်များ ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာရှိ သက်ကြီးဘိုးဘွားများအား ငွေနှင့် ဆေးပစ္စည်း၊ စောင်များကို လှူဒါန်းကန်တော့ကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာ၌ အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာညွန့်ညွန့်ဦးနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြမြင့်သူ ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာ တောင်ရင်းကျောင်းတိုက်၌ ကျောက်မျက်ကျေးရွာရှိ သက်ကြီး ဘိုးဘွား ၅၂ဦးတို့အား ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ငွေနှင့် ဆေးပစ္စည်း၊ စောင်များကို လှူဒါန်းကန်တော့ခဲ့ကြသည်။

ရှင်းလင်းဟောပြော

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်မျက်ကျေးရွာအုပ်စုရှိ အမျိုးသမီးများအား အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအဖွဲ့ခွဲ ခေါင်းဆောင် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သိန်းက HIV/AIDS ရောဂါအကြောင်းနှင့် တားဆီးကာကွယ်ခြင်းတို့ကိုလည်းကောင်း၊ ရဲအုပ်ရီရီသန်းက လူကုန်ကူးမှုနှင့်ပတ်သက်၍ ပြစ်မှုနှင့်ပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးက ကျောက်မျက်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကလှူဒါန်းသော အမျိုးသမီးရေးရာ ဝတ်စုံများကို ထောက်ပံ့ပေးအပ်ပြီး ကျောက်မျက်ကျေးရွာ စာကြည့်တိုက်သို့ စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးထံ ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာအစောင် ၃၅၀ကို ပေးအပ်သည့်အတွက် ယင်းကျောက်မျက်ကျေးရွာရှိ အမျိုးသမီးများသည် ရာနှုန်းပြည့် အမျိုးသမီးရေးရာ အဖွဲ့ဝင်ပြီးဖြစ်ကြောင်း သိရှိရသည်။

ရင်းရင်းနှီးနှီးဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးက ကျောက်မျက်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးအား အသိအမှတ်ပြု ကတ်ပြားနှင့်ရင်ထိုးတံဆိပ်များကို ပေးအပ်ပြီး ကျောက်မျက်ကျေးရွာရှိ အိမ်ခြေ ၁၃၀သို့ အိုင်အိုဒင်းဆား အထုပ် ၁၃၀နှင့် မှန်ချိုဆေးဘူးများကို ပေးအပ်လှူဒါန်းကာ ကျေးရွာရှိ အမျိုးသမီးများအား စကားဝိုင်းများဖြင့် ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးသည် ကျောက်မျက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့သွားရောက်၍ ကျောင်းသားကျောင်းသူ ၆၂ ဦးတို့အား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ပြီး ကျောင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြု

ချစ်ဇနီး ဒေါ်ခင်ချိုအုန်း

(ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)အား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ ဖြင့် **“သီရိသုဓမ္မသိင်္ဂီ”** ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင် လှိုက်လှဲဝမ်းမြောက် ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည် ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့် သာသနာတော်အကျိုးတို့ကို ချစ်ခင်ပွန်းနှင့်အတူ ဆတက်ထမ်းပိုးတို၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် ဂုဏ်ပြုလိုက်ပါသည်။

ချစ်ခင်ပွန်း သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း။

လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် **ဦးကိုကိုအေး** [အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်နှင့် အမျိုးသား ဂေါက်သီးလေ့ကျင့်ရေး (မြန်မာ)လီမိတက်]အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် **(သီရိသုဓမ္မမဏိဇောတဓရ)** ချီးမြှင့်အပ်နှင်းခြင်းကို ထိုက်ထိုက်တန်တန်ခံယူရရှိပါသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖခင်-သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေ-မိခင် ဒေါ်ကြည်ကြည်
ဆင်မင်းဆပ်ပြာစက်မိသားစု
အမှတ် ၁၀၊ သီရိဂုဏ်ရည်ခြံ
ဗဟန်းမြို့နယ်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

အိမ်တော်ရာစေတီတော် ဘက်စုံမွမ်းမံ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ
စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ
ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာ
သီရိသုဓမ္မမဏိဇောတဓရ“ဒေါက်တာမိုးတင်” အား
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့်
သာသနာနုဂ္ဂဟဘွဲ့ (ပထမဆင့်) ဖြစ်သည့်
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်
ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်
ဂေါပကအဖွဲ့အနေဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့်
နိုင်ငံအကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး
သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဂေါပကအဖွဲ့
မဟာဓမ္မရုံသီအိမ်တော်ရာစေတီတော်မြတ်ကြီး
မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

တင်မိသားစုကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ
သီရိသုဓမ္မမဏိဇောတဓရ “ဒေါက်တာမိုးတင်” အား
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့်
သာသနာနုဂ္ဂဟဘွဲ့ (ပထမဆင့်) ဖြစ်သည့်
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဘွဲ့တံဆိပ်တော်
ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်
ကုမ္ပဏီဝန်ထမ်းများမှ အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့်
နိုင်ငံအကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး
သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကုမ္ပဏီဝန်ထမ်းများ
တင်မိသားစုကုမ္ပဏီလီမိတက်။

လုပ်ငန်းဖွဲ့စည်းခြင်းဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဇန်နဝါရီ ၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီခွဲတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှ ကထိက ဦးသိန်းအောင်(ငြိမ်း)က“လုပ်ငန်းဖွဲ့စည်းခြင်း”ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးကိုကိုအေး [အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်နှင့် အမျိုးသားဂေါက်သီးလေ့ကျင့်ရေး (မြန်မာ)လီမိတက်]အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **(သီရိသုဓမ္မမဏိဇောတဓရ)** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးရန်နိုင်လွင်နှင့်ဇနီးမိသားစု။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဦးကိုကိုအေး[အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်နှင့် အမျိုးသားဂေါက်သီးလေ့ကျင့်ရေး (မြန်မာ)လီမိတက်]အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် **(သီရိသုဓမ္မမဏိဇောတဓရ)** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သူငယ်ချင်းများနှင့်မိသားစုများ။

ကျေးဇူးဆပ်ပါမည် ဏ/၆၄၉၇(မာဇဒါဖယ်မလီယာ)ယာဉ်၏ မှတ်ပုံတင်စာအုပ်နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါ။ **ဦးစန်းဝင်း အမှတ် ၁၀၉၉၊ ကန်သာယာ ၂လမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံ။**



မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့နယ်၊ (၂၄)ရပ်ကွက်၊ နီလာလမ်း၊
တိုက် ၁၁၅၊ အခန်း ၄ နေ
ဦးလှမြင့်(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်စန်းတင့်တို့၏သား
မောင်မင်းလွင် **B.Sc (Maths:)**
နှင့်
ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊
ရန်ပြေ ၁၄လမ်း၊ အမှတ် ၄၈ နေ
ဦးစိန်လှိုင်-ဒေါ်သန်းကြည်တို့၏သမီး
မမိမိမော်(ခ)ဝင်းဝင်း **B.Sc (Hons:) M.Sc (Zoology)**

တို့၏ ၄-၁-၂၀၀၇ရက်(လွတ်လပ်ရေးနေ့)တွင် Asia Plaza Hotel၊ စိန်နှင့်မြ မင်္ဂလာခန်းမတွင်ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော ဦးဝင်းတင့်(စက်ရုံမှူး၊ မြန်မာ့သင်္ဘောကျင်း၊ ဆင်မလိုက်)နှင့် ဇနီး ဒေါ်တင်တင်နွယ်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဦးမောင်မောင်ဆွေ (Director – SPA၊ FMI Group of Companies SPA/Myammar)နှင့် ဇနီး မခင်ခင်လှိုင်၊ အလှပြင်ပေးကြသော မိတ်ကပ် ကိုကျော်ကျော်ဦးနှင့် မတင်မိုးခိုင်၊ ကြွရောက်ချီးမြှင့်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းလွင်-မမိမိမော်(ခ)ဝင်းဝင်း။

ရွှေရတုမွေးနေ့ဆုတောင်း

ချစ်သားကြီး **ဟာဂျီ ဦးခင်မောင်လတ်** (ရွှေအိမ်နန်းဆောက်လုပ်ရေး)၏ ၅-၁-၂၀၀၇ရက်တွင်ကျရောက်သော နှစ်(၅၀)ပြည့်မွေးနေ့မှသည် အသက်ရာကျော်တိုင်သည်အထိ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ မိဘ၊ ညီ၊ ညီမများ မိသားစုဘဝ ပျော်ရွှင်ခြင်းများနှင့်အတူ အစဉ်ထာဝရ ချမ်းမြေ့သာယာ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော မေတ္တာမွန်ဥယျာဉ်ကြီးအား အစဉ်တင့်တယ်လှပ ဝေဆာနေအောင် ဥယျာဉ်မှူးကြီးအဖြစ် ဆတက်ထမ်းပိုး ဦးဆောင်ဦးရွက်ပြုနိုင်ပါစေ။

ချစ်ပါပါ - ဟာဂျီ ဦးမောင်အေး
ချစ်မာမာ - ဟာဂျီမ ဒေါ်နွဲ့ရီနှင့် မေတ္တာမွန်မိသားစု။



The Live News ဂျာနယ်ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၄

ရွှေပြည်စိုးစာကြည့်တိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၁၈)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ တရားကျင့်ကြံဆုကြီးပန်သူဟု အများက ယုံကြည်ယူဆခြင်းခံရသူ လူငယ်လေး၊ အသားအရေလျော့တွဲမှုကို ချုပ်ရိုးရာမရှိကုသနိုင်ပြီး၊ ကောဇာစနေဂြိုဟ် အယုဒ္ဓယမြို့နှင့် နခုန်ဆဝမ်မြို့၊ ကောင်းကင်ယံကိုဖြတ်သန်းမည်၊ မြန်မာ IT ဆရာများနှင့် အင်ဂျင်နီယာများအတွက် ဂျပန်မှ Instructor ကိုယ်တိုင်လာရောက် သင်တန်းပို့ချမည်၊ ဗန်ကောက်မြို့တော်မှ သွေးစွန်းသည့် နှစ်သစ်ကူး၊ နေရှင်ဆာဒူးကြီး(သို့မဟုတ်)အဝတ်အစားမကပ်သည့် အထည်စက်ရုံပိုင်ရှင်၊ ဆက်ဒမ်ဟူစိန်၏ နောက်ဆုံးမှာတမ်း၊ တရုတ်နိုင်ငံတွင် မြေလျှင်ကြိုတင်သတိပေးစနစ်အဖြစ် မြွေများကိုစမ်းသပ်လေ့လာ၊ ခြေလျင်တောင်တက် ဘုရားဖူးထွက်ရအောင် ပြန်လှည့်မကြည့်ချင်သည့် ၂၀၀၆ပုံရိပ်များ၊ ဆီမီးတောက်ဥ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ တက္ကသိုလ်မောင်မြတေ၊ မောင်သြသျှင်နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများ ပါဝင်ရေးသား တင်ဆက်ထားသည်။

ဒီဇင်ဘာ ၂၀ရက်က ပုသိမ်မြို့ အမှတ်(၅) နယ်မြေ ဦးသန်းဦး-ဒေါ်စိုးစိုးရီ (ခိုင်ရွှေစင် သောက်ရေသန့်) မိသားစုက သမီး မဆုရတနာ၏ (၁၂)နှစ်မြောက်မွေးနေ့တွင် ပုသိမ်မြို့ပေါ်ရှိ သက်ကြီးရွယ်အို အဘိုးအဘွားများအား စတုဒိသာကျွေးမွေးပြီး ဝတ္ထုပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ် ယူ ရန်နှင့် သာ သ နိ က အဆောက် အအုံများ ဆောက်လုပ်ရန်အတွက် ဒေါ်တင်ကြည် မိသားစု ရှမ်းစု–နန်းမား ကချင်ပြည်နယ်က အလှူတော်ငွေကျပ်တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော် ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ကြေးပေးအပ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရသူများ ဆုချီးမြှင့်

သထုံ ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၀၅–၂၀၀၆ ခုနှစ် အသက်(၇၅) နှစ်အထက် ထောက်ပံ့ကြေးရရှိသူများနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် စစ်မှုထမ်းဟောင်း သားသမီး ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက သထုံမြို့နယ် စစ်မှုထမ်းဟောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ထောက်ပံ့ကြေးရရှိသည့် အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ချီးမြှင့်

ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အသက်(၇၅)နှစ်အထက် ထောက်ပံ့ကြေးရသူ သုံးဦးနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် စစ်မှုထမ်းဟောင်း သားသမီးများအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ထောက်ပံ့ကြေး**(အပေါ်ပုံ)** နှင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တနင်္သာရီတိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယကဒိုင်း မြို့နယ်ပေါင်းစုံ အေရိုးဗစ်ပြိုင်၊ ဆုပေးအပ်ချီးမြှင့်

မြိတ် ဒီဇင်ဘာ ၂၅

တနင်္သာရီတိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယကဒိုင်း မြို့နယ်ပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက မြိတ်မြို့ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်ပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲတွင် ကိုးဦးတွဲပြိုင်ပွဲ၊ သုံးဦးတွဲပြိုင်ပွဲ၊ တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများနှင့် တံခွန်စိုက်ဒိုင်းဆုရ ထားဝယ်မြို့နယ်အသင်းတို့ကို တိုင်းအမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်ခင်သန်းဌေး၊ တိုင်းအမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။**(ယာပုံ)**

သရုပ်ပြကပြ

ယင်းနောက် တစ်ဦးချင်းပြိုင်ပွဲ ပထမဆုရ မနော်မယ်အေးဖော၊ သုံးဦးတွဲ ပြိုင်ပွဲ ပထမဆုရ ထားဝယ်မြို့နယ်အသင်းနှင့် တံခွန်စိုက်ဒိုင်းဆုရ ထားဝယ် မြို့နယ်အသင်းတို့က အေရိုးဗစ်အကများဖြင့် ပြန်လည်သရုပ်ပြ ကပြကြသည်။ ထို့နောက် တိုင်းအမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်ခင်သန်းဌေးက သရုပ်ပြကပြသူများကို ဂုဏ်ပြုဆုများချီးမြှင့်သည်။ အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၈ရက်မှ စတင်ကျင်းပပြီး မြို့နယ်အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
ပြာသိုလပြည့်ကျော် ၄ ရက်
၆–၁–၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဠာနာဋိယသုတ်)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
- (၁) ရန်ကုန်သားနဲ့ မန္တလေးသူ (ရန်အောင်–ပိုးအိစံ)
- (၂) မေ့နေပြီလား (ဖြိုးကြီး–ဆုန်သင်းပါရ်)
- (၃) စိတ်ညစ်မှာစိုး (အယ်လ်လွန်းဝါ–ဆူဇီ)

၀၉:၄၅ အာဆီယံအစီအစဉ်

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (အဆင့်မြင့် အဆောက်အအုံများနှင့် အလူမီနီယံလုပ်ငန်းဆက်စပ်မှုများအကြောင်း)

၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
- (၁) ထိန်းသိမ်းကာကွယ်ရမှာ လွတ်လပ်ရေးပါ (ခေါင်းကြီး)
- (၂) အသက်နှင့်ယှဉ်၍ (ဆောင်းပါး)

၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၂:၁၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိအစီအစဉ်

၁၃:၁၀ ပညာရေးအစီအစဉ် (အထက်တန်း–ရူပဗေဒ) (ရူပဗေဒ–၆)

ညနေပိုင်း

၁၆:၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- (၁) သည်နွေမိုးဆောင်းပြောင်းသော်လည်း (ကိုသန်းလှိုင်)
- (၂) ချစ်ဖွဲ့ (ရီရီသန့်)
- (၃) အမေနဲ့ရွာကိုလွမ်းတယ် (ဟသ်ာတထွန်းရင်)

၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီးဆုရ (မန္တလေးတိုင်းမှ ဒေါ်မေသက်ရှင်းနှင့် မသော်တာချမ်းမြေ့တို့၏ ခေတ်ဟောင်း/ကာလပေါ်)

၁၇:၁၅ ခေတ်ဟောင်းတေး
- (၁) မြကေခိုင် (မေရှင်)
- (၂) ဘဲကျောင်းသား (ဥသြဘသောင်)
- (၃) ရီရီတို့ရွာ (ခင်ခင်ရီ)

၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြပါစို့–တက္ကသိုလ်သန်)

၁၈:၂၅ အင်္ဂလိပ်စကားပြော သင်ခန်းစာ (ဒေါ်နှင်းရည်)

၁၈:၄၀ လုပသာယာ အိမ်ဂေဟာ (အဆင့်မြင့်မြင့်စတိုင်ကျကျ စိတ်ချမ်းမြေ့စွာနေဖို့ရာ)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး

၂၀:၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)

၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- (၁) ဝေးနေရတော့ ပျော်ဘူးကွယ် (ကိုတင်ကိုး)
- (၂) နက်ဖြန် (သို့) ဘယ်သောအခါ (ထား)
- (၃) ကျမျက်ရည် မကြေညာစတမ်း (မောင်မောင်ကြီး)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဘုရင့်နောင်လမ်း ကျောက်ထပ်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၂ရက်က အင်ဂျင်နီယာမှူး ဦးအောင်မျိုးဝေနှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်သန္တာသောင်းစိန်တို့ ကွင်းဆင်းကြီးကြပ်စဉ်။
(ပြည်နယ် ပြန်/ဆက်)

ကျောက်တန်းမြို့နယ် ပဲတီစိမ်း စိုက်ခင်းများ၌ ပိုးမွှားရောဂါကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်အတွင်း ၂၀၀၆–၂၀၀၇ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးအပြီး ဒုတိယသီးနှံအဖြစ် ပဲတီစိမ်းကို ၅၀၃၅၉ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ သီးနှံဈေးကွက်အတွင်း ပဲဈေးကောင်းသဖြင့် ယခင်နှစ်ကထက် ပိုမိုတိုးတက် စိုက်ပျိုးခဲ့ကြပြီး ကျောက်တန်းမြို့နယ်အတွင်း ပဲတီစိမ်းစိုက်ပျိုးသော ပန်းတော၊ ကသစ်ကလေး၊ ဓွဲကနာ၊ ကမာကလုတ်၊ ပါဒ၀ကျေးရွာများတွင် ကျရောက်လေ့ရှိသော ငမြောင်တောင်နှင့် ရွက်လိပ်ရွက်ကပ်ပိုးများ တွေ့ရှိရသဖြင့် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ရန်ကုန်တိုင်းမန်နေဂျာ ဦးဆောင်၍ ရန်ကုန်တောင်ပိုင်းခရိုင်မန်နေဂျာနှင့် တိုင်းသီးနှံပိုးမွှား ကာကွယ်ရေးတာဝန်ခံတို့ လိုက်ပါပြီး ပိုးမွှားကာကွယ်ရေးအဖွဲ့ဖြင့် ပိုးမွှားကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ တောင်သူပညာပေးဆွေးနွေးပွဲများကို ဒီဇင်ဘာ ၂၆ရက်တွင် အဆိုပါကျေးရွာများ၌ ဆောင်ရွက်ကြသည်။

ဆေးဖျန်း

ကွင်းဆင်းအဖွဲ့တွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးလှဝင်း၊ မြို့နယ်မန်နေဂျာ ဦးမျိုးမြင့်နိုင်နှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပါဝင်ကွင်းဆင်းကြပြီး ပါဒ၀ကျေးရွာ တောင်သူကြီးဦးလှဝင်းနှင့် ဦးချစ်ဦးတို့၏လယ်မြေတွင် ပိုးမွှားတွေ့ရှိသဖြင့် ပိုးသတ်ဆေးဖျန်း ကာကွယ်ပေးခဲ့သည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

အောင်သုခလမ်း ကတ္တရာခင်း

ဖျာပုံ ဒီဇင်ဘာ ၂၀

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် ဖျာပုံမြို့မှ ဘိုကလေးမြို့ အထွက်လမ်းဖြစ်သည့် အောင်သုခလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ ဖျာပုံခရိုင်ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် မြို့နယ်ဥက္ကဋ္ဌဦးမျိုးမြင့်ဇော်တို့ နိုဝင်ဘာ ၃၀ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ လမ်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်ထွန်းတို့က ရှင်းလင်းတင်ပြကြသည်။ **(၁၅၈)**

ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

မိတ္ထီလာ ဒီဇင်ဘာ ၂၅

မိတ္ထီလာမြို့တွင် ထိုင်း–မြန်မာ နှစ်နိုင်ငံ ကျန်းမာရေးစောင့်ရှောက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ထိုင်း နိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးမှ Dr.Soon Torn Antarasena ဦးဆောင်သည့် အဖွဲ့ဝင် ၁၇ဦးတို့သည် မိတ္ထီလာမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆရာဝန်များနှင့် ပူးပေါင်း၍ လူထုအခြေပြု နား၊ နှာခေါင်း၊ လည်ချောင်း (E.N.T) ကုသရေးလုပ်ငန်းများကို ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့က ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါလုပ်ငန်းတွင် ထိုင်းဆရာဝန်များက ပြည်သူ ၃၁၃ဦးတို့အား ကြည့်ရှုကုသပေးခဲ့ပြီး ၃၉ဦးတို့အား ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စဥ့်ကူးမြို့ ဒီပင်္ကရာဘုရားဘက်စုံပြုပြင်မွမ်းမံ စိန်ဖူးတော်၊ ရွှေထီးတော် တင်လှူပူဇော်

စဥ့်ကူး ဇန်နဝါရီ ၃

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့ ဒီပင်္ကရာမြတ်စွာဘုရား ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် စိန်ဖူးတော်၊ ရွှေထီးတော်တင် ဗုဒ္ဓါဘိသေကမင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက် နံနက် ၇နာရီက အဆိုပါဘုရား ဓမ္မာရုံ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

ရွှေထီးတော်တင်လှူ ပူဇော်ပွဲသို့ စဥ့်ကူးမြို့ တောင်လေးလုံးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသီရိသုဓမ္မအရှင်မြတ်နှင့် ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး စိန်ဖူးတော်အလှူရှင် ဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးရွှေသောင်း၊ ဘုရားဂေါပက အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရွှေထီးတော် အလှူရှင် စဥ့်ကူးမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးဗိုလ်ချုပ်-ဒေါ်ချောစုလှိုင်၊ သားကျော်စည်သူဗိုလ်၊ ဟိန်းစည်သူဗိုလ်၊ သမီး ကေရီဗိုလ်နှင့် ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာအချိန်တွင် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အလှူရှင်တို့က စိန်ဖူးတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ဒီပင်္ကရာဘုရားစေတီတော်အထွတ်သို့ နတ်ပန်းရထားဖြင့် တင်လှူပူဇော်ကြသည်။ ထို့နောက် စိန်ဖူးတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကိုစေတီတော်ကြီးအထွတ်သို့ တင်လှူပူဇော်ကြသည်။ **(က-ပ)**

(၈၇)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခကျောင်း ဓာတ်တော်တိုက် အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းပဓာန နာယက(လူမှုထူးချွန်ပထမဆင့်) ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရ (သက်လွတ်) ဆရာတော်**(အပေါ်ပုံ)** သည် ဒီဇင်ဘာ ၂၉ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် (၈၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ ဟိုပင်မြို့ မြို့သစ်ကလေး-မြေနု ကျေးလက်လမ်း ကျောက်ချောခင်းရန်အတွက် ကျောက်များ စုဆောင်းထားရှိမှုကို ဒီဇင်ဘာ ၆ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မျိုးထွေး ကြည့်ရှု စစ်ဆေးရာ မြို့တာဝန်ခံ ဦးသိန်းထူးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအင်န်ခွန်းအောင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်း မြို့ဦးစေတီတော် တည်ဆောက် လုပ်အားကုသိုလ်ရှင်များ ကွန်ကရစ်လောင်း

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၀

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့တွင် မြို့ဦးစေတီတော်ကြီး တည်ဆောက်လျက်ရှိရာ လုပ်အားကုသိုလ်ရှင်တို့ စေတီတော်ကြီး၏အောက်ခြေ ပလ္လင်တော်ကြီးတည်ဆောက်ရန် ကွန်ကရစ်လောင်းပွဲကို ဒီဇင်ဘာ ၈ရက် နံနက်က ကျင်းပသည်။

လုပ်အားကုသိုလ်ပြုပွဲသို့ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ အကြပ်၊ တပ်သားများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာလုပ်အား ကုသိုလ်ရှင်များ စုစုပေါင်းအင်အား ၁၀၅၀ကျော်တို့က စေတီတော်ကြီး၏ ပထမဆင့်အောက်ခြေ ပလ္လင်တော် ကွန်ကရစ်လောင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ပလ္လင်တော်

အဆိုပါ မြို့ဦးစေတီတော်ကြီးမှာ အမြင့်ထီးတော်အထိ ၁၀၈ပေ၊ လုံးပတ်တော် ၅၇ပေ၊ ပလ္လင်တော်အကျယ် ၁၀၈ပေတွင် အမြင့်ပေ၂၀၊ လိုဏ်ဂူတော်တွင် မှန်ပေါက်လေးမျက်နှာအဝင်ပေါက် ပါရှိကြောင်း သိရသည်။ **(ဝဇ၁)**

အထက(ခွဲ)ရှားခဲ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၄

ဟသ်ာတမြို့နယ် အထက(ခွဲ) ရှားခဲတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲအဖြစ် ဇန်နဝါရီ ၁၄ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ ပူဇော်ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ စုံစုံညီညီ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေနှင့် ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရွှေ အထက(ခွဲ)ရှားခဲ၊ ဒေါ်တင်လှိုင်(ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ) ဖုန်း-၀၄၄-၇၀၀၃၁၊ ဦးမောင်သွင် (ပုသိမ်) ဖုန်း- ၀၄၂-၂၃၀၄၆နှင့် ရန်ကုန်မြို့တွင် ကိုနိုင်စစ်အောင် ဖုန်း - ၅၁၂၆၆၈၊ ၅၁၂၆၆၉ နှင့် ကိုမျိုးအောင် ဖုန်း- ၆၆၄၄၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နီလာလမ်း ကတ္တရာပေါက် ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ၁၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေက လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ချောင်းဦးမြို့နယ်၌ ဆောင်ရွက်

ချောင်းဦး ဒီဇင်ဘာ ၁၅

ချောင်းဦးမြို့နယ် ရွှေလှေကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၂ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး သိန်းအောင် ဦးဆောင်၍ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေ အရာရှိ၊ စိုက်ပျိုးရေး မန်နေဂျာ၊ စည်ပင်သာယာရေး အမှုဆောင်အရာရှိ၊ ဆည်မြောင်းဦးစီးဌာနမှူး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ပေါက်အင်းစိုက်ကွင်းဒုတိယတာဝန်ခံ ဦးစီးမှူးတို့က ရွှေလှေကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး သိန်းအောင်က နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှု အဆင့်ဆင့်နှင့် ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်နေမှုများ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေ အရာရှိတို့က မူခင်း ကျဆင်းရေး ပညာပေးဟောပြောသည်။ မြို့နယ် စိုက်ပျိုးရေး မန်နေဂျာက ပန်းတိုင်သီးနှံ အထွက်တိုးရရှိစေရေးအတွက် စိုက်ပျိုးမှုနည်းပညာများ ဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ စာဖတ်အားမြင့်မားရေးကို ပညာပေးဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေးအတွက် အင်္ဂပူမြို့ အင်္ဂပူ-ညောင်ကျိုးလမ်းပေါ်ရှိ ဇီးပင်ကွင်း(အရှေ့)တံတားတည်ဆောက်မှုကို ဒီဇင်ဘာ၁၄ရက်က အမှုဆောင်အရာရှိဦးမောင်မောင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးလှဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မုဒုံမြို့နယ် သစ်တောဦးစီးဌာန ကျိုက္ကမော့ သစ်တောကြိုးဝိုင်း ဆိုင်းဘုတ်တင်

မုဒုံ ဇန်နဝါရီ ၂

မုဒုံမြို့နယ် သစ်တောဦးစီးဌာန၏ ကျိုက္ကမော့သစ်တောကြိုးဝိုင်း ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် နံနက် ၁၀နာရီက မော်လမြိုင်-ရေးကားလမ်းဘေး ကျိုက္ကမော့ကြိုးဝိုင်း အကွက်အမှတ် (၁၃၀)တွင် ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးမောင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးလှဟန်နှင့် တပ်နယ်မှ အရာရှိများ၊ မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဌာနဆိုင်ရာများ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းဦး၊ ဦးစီးအရာရှိ ဦးထွန်းအေး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းမြိုင်သိန်း၊ သံဖြူဇရပ်မြို့နယ်ဦးစီးဌာနမှူးနှင့် သစ်တောဝန်ထမ်းများ၊ အဘစ်၊ ဆက်သွယ်နှင့် နီးပဒေါ ကျေးရွာများမှ ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၇၀ခန့် တက်ရောက်ကြသည်။

(အောက်ပုံ) (က-ပ)

မြိုင်မြို့နယ် အမှုဆောင် အရာရှိ ဦးအောင်မင်းကြိုင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ဒီဇင်ဘာ ၂၀ရက်က ပန်းတိုင်းတော-ညောင်ရွာ-ချောင်းနားထိုက်-ဆယ်ပြားလမ်းခွဲ ကျေးလက် မြေသားလမ်း တာပေါင် ဖို့နေမှုကို ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးသန်းမောင်-ဒေါ်သန်းမြိုင်တို့၏သား
မောင်ဇော်မျိုးသန့် B.Sc (Geol:)
Diploma in Technology (Mechanical) (YTU) နှင့်
ရန်ကုန်မြို့နေ
(ဦးကြည်မြင့်)-ဒေါ်ကြင်စိန်တို့၏သမီး
မလဲ့ယဉ်ဝင်း(ခ)မီးမီး B.Econ. (Eco:)
တို့သည် ၂၇-၁၂-၂၀၀၆ရက်တွင် နှစ်ဖက်သောမိဘများ၏ ခွင့်ပြုချက်အရ ရန်ကုန်တိုင်း တရားရုံး၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မျိုးသန့်-မလဲ့ယဉ်ဝင်း(ခ)မီးမီး။

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမအထွေထွေမှု အမှတ်-၃၅၉

ကွယ်လွန်သူ အီး၊ အက်စ်ဒါဝတ်ဂျီ၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင်လမ်း၊ အမှတ် ၁၁၄ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ အီး၊ အက်စ်ဒါဝတ်ဂျီ၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ် အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် မာမက်ဆလင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက် (၁၃၆၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်နေ့)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ အီး၊ အက်စ်ဒါဝတ်ဂျီ၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင် ဆိုခဲ့သော ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၅ရက် (၁၃၆၈ခုနှစ် ပြာသိုလပြည့်ကျော်၃ရက်)နေ့၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော မာမက်ဆလင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးသန့်
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၁)စက်မှုဝန်ကြီးဌာန
စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းကို အောက်ပါအရေအတွက်အတိုင်း ကျပ်ငွေ/US$ ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်အချိန်
(က)	144(T)MCY-MFI (VERG) 2006-2007	မီးရင်းပိုက်	(၉၀)လုံး	(၈-၁-၂၀၀၇)၁၆း၀၀နာရီ
(ခ)	146(T)MCY-MFI (DGN)2006-2007	1 Liter Blow Mould	(၂) စုံ	(၁၅-၁-၂၀၀၇)၁၆း၀၀နာရီ
(ဂ)	148(T)MCY-MFI (ALCOHOL-1) 2006-2007	Diesel Generator 60 KVA	(၁) စုံ	(၁၅-၁-၂၀၀၇)၁၆း၀၀နာရီ
(ဃ)	150(T)MCY-MFI (ZYD) 2006-2007	11KV Vacuum Circuit Breaker	(၁) စုံ	(၁၅-၁-၂၀၀၇)၁၆း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂-၁-၂၀၀၇ ရက်နေ့မှစတင်၍ အောက်ပါ လိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း
(ရောင်းဝယ်ရေးဌာန)
၁၉၂၊ ကမ္ဘာအေးဘုရားလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၆၁၀၅၄။

မြန်မာ့စားသောက်ကုန်လုပ်ငန်း
(ရောင်းဝယ်ရေးဌာန)
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၆၇။

၂၀၀၇ခုနှစ် - နှစ်သစ်ကိုကြိုဆိုသောအိမ်ရာမြေအရောင်းပွဲတော်

(1.1.2007 မှ 31.1.2007) အတွင်း

"ယုဇနဆောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ"

(လူတိုင်း လူတိုင်း တိုက်နှင့် မြေနှင့် နေနိုင်ရမည်)

- အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ၊ လုံးချင်းအိမ်များ
- လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျောက်တံတားမြို့နယ်၊သာကေတမြို့နယ်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြောက်မြို့နယ်
- တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ HALL TYPE , ROOM TYPE
- လူနေခန်းပဲလုပ်လုပ်၊ ရုံးခန်းပဲလုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

ပွဲတော်ကာလအတွင်း ၁၀% မှ ၃၀% အထိ လျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်။
အမြတ်ခွန်ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်။
တိုက်ခန်းတန်ဖိုးအနည်းဆုံး ကျပ် (၂၄)သိန်း ဖြစ်ပါတယ်။
အနယ်နယ်အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း

အရောင်းဌာန - ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇



ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ဖန်းမောက်၌ ကျင်းပ

ဖန်းမောက် ဒီဇင်ဘာ ၁၆

ကသာခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီ က ဖန်းမောက်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကသာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုအောင်က အဖွင့်အမှာစကား ပြောကြားပြီး ဖန်းမောက်မြို့နယ် လက်ထောက်ဆရာဝန် ဒေါက်တာစိုးသိန်းက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောကြသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၃၃၀ ခန့် တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့ဝင်ဆိုင်းဘုတ်

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ် ပြုလုပ်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ၂၃ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

မြို့နယ် သတင်းများ

မကွေးတိုင်း ငဖဲမြို့နယ်အတွင်း ကျေးလက်အိမ်ရာဆောက်လုပ်မှုကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ရက်က ပဒါန်းကျေးရွာ ဒေါ်ခင်ရီ၏ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးမြင့်လှိုင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

ပိုက်လိုင်းဆက်သွယ်

ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေး ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၃) ဦးထွန်းမင်းသန်း ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်ထံမှ သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

နိုင်ငံတော်အလံ အလေးပြုပွဲကျင်းပ

၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး တည်းဟူသော အမျိုးသားရေးဦးတည်ချက်လေးရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပရာ ပြည်သူလူထုစုစုပေါင်းအင်အား ၈၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

ဝင်ရောက်နေရာယူ

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးချုပ်ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးတို့မှ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ နံနက် ၆ နာရီတွင် ဝင်ရောက်နေရာယူကြသည်။

ထို့အတူ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဒေသဆိုင်ရာညှိနှိုင်းရေးမှူးများ၊ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပညာရေးမှူးများ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များကလည်း သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် သာယာ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။